Parliament of Victoria

# သင် အသက် ၆၀ နှင့်အထက်အရွယ် ဖြစ်ပါသလား။ ဒါမှမဟုတ် သင် အသက် ၆၀ နှင့်အထက်တစ်ဦးဦးကို သိပါလား။

ဗစ်တိုးရီးယားပါလီမန်သည် ယဉ်ကျေးမှုမတူ ကွဲပြားသောနောက်ခံများမှ  သက်ကြီး ဗစ်တိုးရီးယားပြည်နယ်သားများအား ထောက်ပံ့ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေပြီး၊ သင့်ထံမှအဆိုပြုချက်များကို ကြားလိုပါသည်။

သင် ပျော်ရွှင်စွာနေထိုင်ရန် ကူညီပေးမည့် အကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့အပါအဝင်ဖြစ်သော သင့်စိတ်ကူး ထင်မြင်ချက်များနှင့် အတွေ့အကြုံများကို မျှဝေရန် ကျွန်ုပ်တို့ သင့်ကို တိုက်တွန်းပါသည်-

- သင်နှင့် သင့်မိဘများ/အဘိုးအဘွားများအတွက် နေ့စဉ် အခက်အခဲအချို့က ဘာတွေ ဖြစ်ပါသလဲ၊
- သင့်အသိုင်းအဝိုင်းအတွင်း သင်ဟာ လုံခြုံတယ်လို့ ထင်ပါသလား၊
- လိုအပ်တဲ့ အထောက်အပံ့ကို ဘယ်မှာ ရှာရမလဲ သိပါသလား၊
- ဝန်ဆောင်မှုတွေကိုဘယ်လိုတိုးတက်အောင်လုပ်နိုင်မလဲ၊
- သင့်မှာ ကွန်ပျူတာသုံးနိုင်ပါသလား၊ ပြီးတော့ ကွန်ပျူတာကို သုံးတတ်ပါသလား၊
- ပေါင်းသင်းဆက်ဆံရေး၊ ကိုယ်ကာယနဲ့ စိတ်ပိုင်းပါ သွက်လက်နေအောင် သင် ဘာလုပ်မလဲ။

သင်သည် သင့် စဉ်းစားထင်မြင်ချက်များကို သင် နှစ်သက်ရာ ဘာသာစကားဖြင့် တင်ပြနိုင်သည်။ တင်ပြရန် အောက်ပါတစ်နည်းနည်းကို ရွေးချယ်နိုင်သည်။

- စာရေးပါ (သို့) အီးမေးလ်ပို့ပါ၊
- ကျွန်ုပ်တို့၏ စစ်တမ်းကို ဖြည့်ပေးပါ သို့မဟုတ်
- ဗီဒီယိုတစ်ခု ရိုက်ကူးပို့ပေးပါ။

သင့်အဆိုပြုချက်သည် ယဉ်ကျေးမှုမတူ ကွဲပြားသောနောက်ခံများမှ သက်ကြီး ဗစ်တိုးရီးယားပြည်နယ်သားများအား ပိုမိုကောင်းမွန်စွာ မည်သို့ပံ့ပိုးပေးနိုင်ကြောင်းကို ဗစ်တိုးရီးယားအစိုးရသို့ အသိပေးလိမ့်မည်။

အဆိုပြုချက်များကို  ၂၀၂၂ ဇန်နဝါရီ ၃၁ ရက်အထိ ပြုလုပ်နိုင်သည်။

## ပို၍ သိရှိရန်

နောက်ထပ် သတင်းအချက်အလက်များအတွက် parliament.vic.gov.au/oldervictorians တွင်ကြည့်ပါ

သင့်တွင် မေးခွန်းများရှိပါက oldervictoriansinquiry@parliament.vic.gov.au သို့ အီးမေးလ်ပို့ခြင်း သို့မဟုတ် (၀၃) ၈၆၈၂ ၂၈၄၃ သို့ ဖုန်းဆက်ခြင်းဖြင့် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

အဆိုပြုချက်များအားလုံးကို အများဆိုင်စာရွက်စာတမ်းများအဖြစ် သတ်မှတ်ထားသော်လည်း လျှို့ဝှက်ထားရန် သင် တောင်းဆိုနိုင်သည်။ သင့်ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ထုတ်ဝေခြင်း (သို့) အခြားအစိုးရအဖွဲ့အစည်းများနှင့် မျှဝေခြင်း ပြုလုပ်လိမ့်မည် မဟုတ်ပါ။

